


# တဏှာရာဂသည် မေတ္တာအယောင် ဆောင်လာသကဲ့သို့ အမိန့်အာဏာသည် ဥပဒေအယောင် ဆောင်လာတတ်သည်

နှင့် ဆူးတောင်စာစုများ

ဆန်းထွေး (ခရမ်းပြာ)

# ပြည်တော်မှာတမ်း

တစ်မြေထဲနေ၊ တစ်ရေထဲသောက်တဲ့သူတွေချင်း

ဆင်အတွက် ကျင်ငယ်၊ ပုရွက်ဆိတ်အတွက် ပင်လယ်ဖြစ်နေကြရင်

မြန်မာပြည် ချိန်ခွင်မလှတော့ဘူး။

ခွင့်တူညီမျှမှ ညီညွတ်မယ်။ ညီညွတ်မှ ငြိမ်းချမ်းမယ်။

ငြိမ်းချမ်းမှ သာယာဝပြောမယ်။ သာယာဝပြောရင် ငြိမ်းချမ်းမယ်။

ငြိမ်းချမ်းရင် ညီညွတ်မယ်။ ညီညွတ်ရင် ခွင့်တူညီမျှတယ်။

'ခွင့်တူညီမျှ' 'ညီညွတ်' 'ငြိမ်းချမ်း' 'ဝပြောသာယာ'

ဤလေးဖြာသည် တိုင်းမြို့ပြည်ရွာအေးကြောင်းတည်း။

**မောင်ဆွေခင်**

* * *

မြို့တော်

# သိန်းအောင်

ပေါ်ခဲ့မောင်မောင်သိန်း



နိုဝင်ဘာ ၁၂ ရက်
နေ့ ညောင်ဦး
ရွှေစည်းခုံဘုရားပွဲ
တော်တွင် ကပြပြီး

တောင်သာ၊
ကျောက်ပန်း
တောင်းမြို့များ
တွင် ကပြ၍

ဒီဇင်ဘာလ ၁ရက်
နေ့တွင် ရန်ကုန်မြို့
ဗိုလ်တထောင်
ဘုရားပွဲတော် နှင့်
မိုးကောင်းဘုရား
ပွဲတော်ကြီးများ
တွင် ပါဝင်ကပြ
ပါတော့မည်။

# ပရိတ်သတ် ယဉ်ကျေးမှု

ပရိတ်သတ်ယဉ်ကျေးမှု
ပြည်သူ့ခွန်အား

## မကိုးစားက

## စားသွားလည်းကြွေ

## လုံလည်းခွေအံ့ . . . . .။

ကျွန်တော်တို့ ငယ်စဉ်အခါက ပခုက္ကူ နယုန်ပွဲလို့ခေါ်တဲ့ ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားပွဲကနေ မြို့တော်သိန်းအောင်ဇာတ်အဖွဲ့ဟာ ကျွန်တော်တို့မြို့လေးကို နှစ်စဉ်ပွဲကူးလာပါတယ်။ မိုးဦးမကျ တကျမို့ အညာနွေဟာ ပူလောင်ပြင်းဆဲပါ။ ထန်းတောညို့ညို့ဆိုင်းဆိုင်းတွေနဲ့ ပြာမှိုင်းမှိုင်း ပုပ္ပား တောင်ကြီးကို နောက်ခံပြုလို့ ကန်ဘောင်ပေါ်မှာလည်း သက်တမ်းရင့်ကုက္ကိုလ်ပင်ကြီးတွေ၊ မန်ကျည်း ပင်ကြီးတွေ အစီအရီ ပေါက်ရောက်နေတဲ့ တချိန်တုန်းက ကျွန်တော်တို့မြို့လေးရဲ့ သောက်သုံးရေကန် ကြီးဖြစ်ခဲ့တဲ့ ထိန်ကန်ခြေက ဇာတ်ရုံကြီးမှာ ကပြပါတယ်။ မနက်လင်းတာနဲ့ မြို့တော်သိန်းအောင်တို့ကတော့ ပရိသတ်က ဝက်ဝက်ကွဲပဲဟေ့… ဝက်ဝက်ကို ကွဲနေတာပဲ…. ဆိုတဲ့အသံတွေ ကြားခဲ့ရပါတယ်။ ကျွန်တော်တို့ မြို့လေးက မြို့တော်သိန်းအောင် ဇာတ်အဖွဲ့ကို ရုံပြည့်ရုံလျှံ အားပေးခဲ့ကြပါတယ်။ နှစ်ည သုံးည ဆက်ကြည့်သူတွေပင် အတော်များခဲ့ပါတယ်။

မြို့ထဲကို ကြော်ငြာလှည့်တဲ့အခါ …. ‘မြို့တော်သိန်းအောင် လာမယ်ဆို တောင်သူလယ်သမား လုပ်အားပို…’ ဆိုတဲ့ သီချင်းသံလေးနဲ့ ကြော်ငြာလှည့်ပါတယ်။ ကျွန်တော်တို့ ကလေးတွေလည်း လူကြီး တွေ

ဟန့်တားတဲ့ကြားကပင် ကြော်ငြာကား နောက်ကို အပြေးလိုက်ပြီး ကြဲချတဲ့ ကြော်ငြာစာရွက်တွေ အလုအယက် ကောက်ခဲ့ကြပါတယ်။ အဲဒီအချိန်က မြို့တော်မောင်ယဉ်အောင်ရဲ့ 'ရွှေဖိနပ် ရုပ်တိုက်စီးမယ်'၊ 'တစ်ခါက ပုဂံဟာ နန်းတော်ကြီး'၊ 'နေပူထဲက စောင့်ပါ မပန်းဝေ'၊ 'သဘင်သည် မဝင်ရ'၊ 'ကိုး ဆယ်ဆ သာလိမ့်မယ်' စတဲ့ စင်တင်ပြဇာတ်များ။ မြို့တော်သိန်းအောင်ရဲ့ ကောလိပ်ဂျင်နဝေင်းဟန် သရုပ်ဆောင်မှုများ၊ လူမြင်ရုံမျှဖြင့် ချစ်ခင်ရယ်ရွှင်ဖွယ်ကောင်းတဲ့ ဦးပေါ်စံ၊ ဦးသိန်းဆုတို့ လူရွှင်တော် အဖွဲ့များ၊ သဘာဝကျနတဲ့ ဆက်တင်အခမ်းအနားများနဲ့ ရွာစားကြီး စိန်တင်ဟန်ရဲ့ 'မဟာဂုဏ် လျှမ်းဝေလို့ဖြာ.... ရတနာပုံမန်းမြေကလာ'.....ဆိုတဲ့ မြို့တော်ဗျောသီချင်းတို့ဟာ မြို့တော်သိန်းအောင်ဇာတ်သဘင်တစ်ခေတ်ဆန်းချိန်များ ဖြစ်ခဲ့ပါတယ်။ ပြဇာတ်ထိပ်ခေါင်မြို့တော်သိန်းအောင်လို့ပင် ပြောစမှတ်တွင်ခဲ့ပါတယ်။

ယနေ့အချိန်မှာတော့ မြို့တော်သိန်းအောင် ဇာတ်အဖွဲ့ကြီးလည်း သင်္ခါရဓမ္မအားဖြင့် ပျက်ပြယ်သွားခဲ့ပါပြီ။ ကျွန်တော်တို့ မြို့လေးက ဇာတ်ရုံကြီးလည်း စားဝတ်နေရေးကို မလွန်ဆန်နိုင်လို့ စားဝတ်နေရေးအလွန်က အနုပညာအာရုံခံစားမှုများနဲ့ ဝေးသွားခြင်းလော၊ ခေတ်ရေစီးရဲ့ တိုက်စားမှုကြောင့်လော၊ နှစ်မျိုးစလုံးကြောင့်ပင် ပျောက်ကွယ်သွားခဲ့ပါပြီ။ ကျွန်တော်ရဲ့ ငယ်စဉ်ဘဝလေးနဲ့အတူ လွမ်းဆွတ်တမ်းတဖွယ်အတိတ်မြင်ကွင်းတစ်ခုအဖြစ် ကျန်ရစ်ခဲ့ပါတယ်။

ကျွန်တော်ရဲ့ ရှင်သန်မှု နှစ် (၅၀) ကျော်ခရီး ဗိုလ်ချုပ်နဝေင်းခေတ်၊ နဝတခေတ်၊ နအဖခေတ်၊ အုတ်မြစ်မပြောင်းဘဲ အလံသာ ပြောင်းတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအစိုးရခေတ်တွေ ဖြတ်သန်းခဲ့ပြီးတဲ့အခါ လူတွေ ဝေဝါးဝါးပေ့ါပျက်ပျက် ဖြစ်ခဲ့ရတဲ့ 'ပရိသတ်'ဆိုတဲ့ ဝေါဟာရလေးကို အဓိပ္ပာယ်အနက် ထင်ဖို့ ကြိုးစားကြည့်ခဲ့ပါတယ်။ အဲဒီအခါမှာ

ကျွန်တော်ငယ်စဉ်က ကြားခဲ့ရတဲ့..... မြို့တော်သိန်းအောင်တို့ ကတော့ ပရိသတ်က ဝက်ဝက်ကွဲပဲဟေ့...... ဝက်ဝက်ကိုကွဲနေတာပဲဆိုတဲ့ အသံလေးစိတ်အာရုံမှာ ပြန်လည်ထွက်ပေါ်လာပါတယ်။ အဲဒီအခိုက်မှာပဲ ပရိသတ်ရဲ့ သဘောသဘာဝတွေကို ဖြန့်ကျက် တွေးဆမိပါတယ်။

ပရိသတ်ကြီးနဲ့ မြို့တော်သိန်းအောင် ဇာတ်အဖွဲ့တို့မှာ အနုပညာဆိုတဲ့ ဆုံမှတ်ရှိခဲ့ပါတယ်။ ပရိသတ်နဲ့ မြို့တော်သိန်းအောင်ဇာတ်အဖွဲ့တို့ အနုပညာဆုံမှတ်မှာ ဆုံဖို့လာခဲ့ကြပါတယ်။ ဆုံလည်း ဆုံခဲ့ကြပါတယ်။ ပရိသတ်က မြို့တော်သိန်းအောင်ရဲ့ အနုပညာစွမ်းရည်ကို ယုံကြည်သလို၊ မြို့တော် သိန်းအောင် ဇာတ်အဖွဲ့ကလည်း ပရိသတ်ရဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို ယုံကြည်ပါတယ်။ ဒီလိုနဲ့ပဲ ပရိသတ်ဟာ မြို့တော်သိန်းအောင်ဇာတ်ပွဲကို အားပေးကြည့်ရှု ခံစားခဲ့ကြပါတယ်။ မြို့တော်သိန်း အောင်ဇာတ်အဖွဲ့က ပရိသတ်ရဲ့ အားပေးမှုကို တခဲနက် ခံယူရရှိခဲ့ပါတယ်။ ပရိသတ်နဲ့ မြို့တော် သိန်းအောင်ဇာတ်အဖွဲ့တို့ အနုပညာဆုံမှတ်မှာ ပေါင်းဆုံစီးဆင်းသွားခဲ့ကြပါတယ်။ ဒါဟာ ပရိသတ်ရဲ့ သဘောသဘာဝပဲ ဖြစ်ပါတယ်။

ဒီလိုမဟုတ်ဘဲ မြို့တော်သိန်းအောင်က ဇာတ်ခုံပေါ်မှာ ကပြချင်လို့ လူတွေကို အကြောက်တရားနဲ့ဖြစ်စေ၊ ရုပ်ဝတ္ထုအထောက်အပံ့နဲ့ဖြစ်စေ၊ ပရိသတ်အဖြစ် ရုံထဲကို သွင်းပြီး ကပြမယ်ဆိုရင် ဆုံမှတ်မဲ့သွားပြီး ပရိသတ်ရဲ့အနက်အဓိပ္ပာယ်နဲ့ ပရိသတ်ယဉ်ကျေးမှုကို ဖျက်ဆီးလိုက်တာ မြေကြီး လက်ခတ်မလွဲပါပဲ။ ဘယ်တော့မှ အသံမြည်မှာမဟုတ်တဲ့ လက်တစ်ဖက်ထဲတီးတဲ့ လက်ခုပ်လို ဖြစ်နေပါတော့မယ်။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းမှာ မယဉ်ကျေးတဲ့လုပ်ရပ်တစ်ခု ပရိသတ်အတု ယဉ်ကျေးမှုအတု ပြုလုပ်လိုက်တာပါပဲ။ ယဉ်ကျေးမှုရဲ့ဆန့်ကျင်ဘက် တောတွင်း ဥပဒေသထဲမှာ အကျုံးဝင်ပါတယ်။

တဆက်တည်းဆိုသလိုပဲ ယနေ့လူထုအစည်းအဝေးပွဲတွေဟာ ပရိသတ်ယဉ်ကျေးမှုကို အပြုသဘောဆောင်သလော၊ အဖျက်သဘောဆောင်သလော။ ယနေ့စင်ပေါ်က လူတွေဟာ ပရိသတ် ယဉ်ကျေးမှုကို အပြုသဘောဆောင်သလော၊ အဖျက်သဘောဆောင်သလော။ တစ်အိမ်တ စ် ယော က် မလိုက်မနေရဆိုတဲ့ လူထုအစည်းအဝေးပွဲတွေဟာ ပရိသတ်ယဉ်ကျေးမှုကို အပြုသဘောဆောင်သလော၊ အဖျက်သဘောဆောင်သလော။ မန္တလေးအောင်ပင်လယ် လူထုအစည်းအဝေးပွဲဟာ ပရိသတ်ယဉ်ကျေးမှုကို အပြုသဘောဆောင်သလော၊ အဖျက်သဘောဆောင်သလော။ ယနေ့ ပြည်သူ့လွှတ်တော်ဟာ ပရိသတ်ယဉ်ကျေးမှုကို အပြုသဘောဆောင်သလော၊ အဖျက်သဘောဆောင်သလော။ ပြည်သူ့ကိုယ်စားလှယ်တွေဟာ ပရိသတ်ယဉ်ကျေးမှုကို အပြုသဘောဆောင်သလော၊ အဖျက်သဘောဆောင်သလော။ နိုင်ငံရေးဦးဆောင်မှုကို တပ်မတော်က ပြုလုပ်ရမယ်ဆိုတာ ပရိသတ် ယဉ်ကျေးမှုကို အပြုသဘောဆောင်သလော၊ အဖျက်သဘောဆောင်သလော။ ဖွဲ့စည်းပုံဥပဒေဟာ ပရိသတ်ယဉ်ကျေးမှုကို အပြုသဘောဆောင်သလော၊ အဖျက်သဘောဆောင်သလော။ ၂၀၁၅ ဟာ ပရိသတ်ယဉ်ကျေးမှုကို အပြုသဘောဆောင်မည်လော၊ မဆောင်မည်လော။ အဖျက်သဘောဆောင်မည်လော၊ မဆောင်မည်လော။

ပရိသတ်စစ်စစ်ကို ယုံကြည်လေးစားတဲ့ ပရိသတ်ယဉ်ကျေးမှုထွန်းကားပါစေ.....။

'ဆုံမှတ်မပါတဲ့ တွေ့ဆုံမှု၊ ဆုံမှတ်မဲ့တွေ့ဆုံမှုတွေ ကင်းဝေးပါစေ.....'

'မြို့တော်သိန်းအောင်လာမယ်ဆို... တောင်သူ ...လယ်သမား

လုပ်အားပို …’

*